## ရှာဖွေတွေ့ရှိခြင်း

## လမ်းညွှန် (၁)

# ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၌ယုံကြည်စိတ်ချနိုင်သည်

တစ်နေ့သောအခါ၌ ဂျင်သည် ဘုရားသခင်ကိုမယုံသူတစ်ဦးအား ဘုရားသခင်ရှိ၊ မရှိမေးခွန်းထုတ်ခဲ့သောအခါ ဂျင်အံ့ဩသွားအောင် "ဘုရားသခင်ရှိကြောင်းသေချာတာပေါ့" ဟုဖြေဆိုခဲ့သည်။ "လွန်ခဲ့သောနှစ်ပေါင်းများစွာတုန်းက ငါတို့ပထမကလေးမွေးလာတာနဲ့ ဘုရားသခင်ကိုယုံကြည်သူဖြစ်လာတော့မလိုဘဲ။ ငါအဲဒီသေးငယ်ပြည့်စုံတဲ့လူငယ်ကလေးကိုပုခက်ထဲမှာမြင်တွေ့သောအခါ လက်ချောင်းခြေချောင်းများလှုပ်ရှားရုံမက မျက်စိများဖွင့်ပိတ်သောအခါနောက် လပေါင်းများစွာသောအချိန်တွင်မှာ 'ဘုရားသခင်မရှိဘူး' ဆိုတဲ့ယုံကြည်ချက်ဟာပျောက်ခါနီးပဲ။ အဲဒီကလေးကိုကြည့်တိုင်း ဘုရားသခင်တော့ရှိရမယ်ဆိုတာငါယုံတော့ယုံနိုင်တယ်ဟု စိတ်ဆုံးဖြတ်ခါနီးပဲ။"

### ၁။ ရုပ်ပုံကားဟူသမျှမှာပုံရေးဆွဲသောသူရှိသည်

လူ၏ရုပ်ပုံသဏ္ဍာန်ကိုပြုလုပ်သောသူရှိသည်။ သိပ္ပံရှင်ကြီးများ၏ပြောပြချက်အရ စိတ်တွင်ပေါ်ပေါက်သောပုံလွှာထောင်ပေါင်းများစွာကို လူ၏ဦးနှောက်တွင်သိထားနိုင်သည်။ စီစဉ်ညှိနှိုင်း၍ ပြဿနာမျိုးစုံကိုအဖြေရှာပေးနိုင်သည်။ လုပမှုကိုလက်ခံသဘောပေါက်နိုင်သည်။ ကိုယ့်ကိုယ်ကိုလည်းနားလည်နိုင်သည်။ တစ်ဦးစီတို့သည် အကောင်းဆုံးအကျင့်တရားကိုကျင့်လိုသောဆန္ဒရှိသည်။ ဦးနှောက်အတွင်းရှိအခြေခံလျှပ်စစ်ဓါတ်အားတို့သည် ကိုယ်တွင်းရှိကြွက်သားများတို့ကိုတညီတညွတ်တည်းလှုပ်ရှားစေသည်။

ထို့ကြောင့် ဆာလံဆရာဆုံးဖြတ်ချက်မှာ လူ၏ကိုယ်ကာယသည် ကျယ်လောင်စွာနှင့်ရှင်းလင်းသောစကားဖြင့်ပြောရလျှင် ဖန်ဆင်းရှင်ကိုပြသကြောင်းဖြင့် "အကျွန်ုပ်သည် ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့်ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကိုချီးမွမ်းပါမည်။ ပြုပြင်တော်မူသောအမှုတို့သည် အံ့ဩဖွယ်ဖြစ်ကြောင်းကို ကျွန်ုပ်၏စိတ်ဝိညာဉ်သည်အမှန်သိပါ၏။" (ဆာလံ ၁၃၉း၁၄)။

ထာဝရဘုရားသခင်ဖန်ဆင်းတော်မူကြောင်းကို ရှည်ရှည်ဝေးဝေးရှာဖွေရန်မလိုပါ။ နားလည်ရန်မလွယ်သောလူ၏အင်္ဂါရပ်များဖြစ်သော ဦးနှောက်နှင့်ကိုယ်အင်္ဂါအစိတ်အပိုင်းများစွာတို့သည် ထာဝရဘုရားသခင်ကိုယ်တိုင်လူ၏ပုံ၊ ရုပ်၊ ကိုယ် လူ့ဉာဏ်ဖြင့်မမီနိုင်သောဒီဇိုင်းမျိုးစုံဖြင့်ပြုလုပ်တီထွင်ထားကြောင်းသိရသည်။ ဘယ်နည်းဖြင့်စထွင်ခဲ့သောပန့်ကို နှလုံးပန့်ဖြင့်နှိုင်းယှဉ်၍မရပါ။ ဘယ်လိုပန့်မျိုးမှ နှလုံးပန့်ဖြင့်နှိုင်းယှဉ်၍မရပါ။ ဘယ်လိုသောကွန်ပျူတာတွင်ပါဝင်ပတ်သက်သောဆက်နွယ်မှုများကို အာရုံကြောဆက်နွယ်ပုံများနှင့်နှိုင်းယှဉ်၍မရပါ။ ရုပ်မြင်

သံကြားတွင်ကြားနာမြင်တွေ့အသံထွက်များအထိ လူ၏အသံအကြားအမြင်နှင့်နှိုင်းယှဉ်၍မရပါ။ လေအေးစက်သော်လည်းကောင်း၊ အပူအအေးပေးစက်များသော်လည်းကောင်း၊ ကိုယ်၏နှာခေါင်း၊ အဆုတ်နှင့်အရေခွံသော်လည်းကောင်း နှိုင်းယှဉ်၍မရပါ။ ရှုပ်ထွေးစေ့စပ်သောလူ၏ကိုယ်ကြီးပြုပြင်ဖန်တီးသောပုဂ္ဂိုလ်သည် ဘုရားသခင်သာလျှင်ဖြစ်နိုင်ပါသည်။

လူ၏ကိုယ်ခန္ဓာသည် ပြည့်စုံသောအင်္ဂါအစိတ်အပိုင်းများစုပေါင်းရာဖြစ်၍ တစ်ခုနှင့်တစ်ခုဆက်စပ်ပါဝင်ပတ်သက်သောကြောင့် တိကျသေချာစွာတီထွင်ထားကြောင်းသိရသည်။ အဆုတ်နှင့်နှလုံး၊ အာရုံကြောနှင့်ကြွက်သားများတို့သည် စဉ်းစား၍မရလောက်အောင် မိမိတာဝန်အသီးသီးကိုကျေပွန်စွာပြုလုပ်ဆောင်ရွက်ကြပါသည်။

ငွေအကြွေပြား (၁၀) ခုကိုယူ၍ ၁ မှ ၁၀ အထိအစဉ်အတိုင်းမှတ်ထားပါ။ ပြီးလျှင် အိတ်တစ်လုံးထဲထည့်၍လှုပ်ခါပေးပါ။ ပြီးလျှင် နံပါတ်အစဉ်အတိုင်းဆွဲယူ၍ရပါမည်လား။ သင်္ချာ၏ပညာအရအခွင့်အရေးအစီအစဉ်အတိုင်း ၁ မှ ၁၀ ထွက်လာနိုင်ရန် အကြိမ်ပေါင်းသန်းပေါင်းတစ်ထောင်မှသာ အစီအစဉ်အတိုင်းထွက်ပေါ်လာနိုင်ပါသည်။

ထိုနည်းတူ အစာအိမ်၊ ဦးနှောက်၊ နှလုံး၊ အသည်း၊ သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ကျောက်ကပ်၊ နား၊ မျက်စိနှင့် သွားများတို့သည် တစ်ချိန်တည်းမှာတစ်ခါတည်းတစ်ပြိုင်နက်ကိုယ့်တာဝန်အသီးသီးကိုလုပ်ကိုင်လာစေပါသည်။

ထို့ကြောင့် လူ၏ကိုယ်ခန္ဓာကြီးကိုအကြောင်းပြ၍ ရှင်းပြနိုင်တာကတော့–
“တစ်ဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်တညီတစ်သဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။” (ကမ္ဘာဦးကျမ်း ၁:၂၆၊ ၂၇)။ ပထမလူယောကျ်ားနှင့်လူမိန်းမတို့သည် အလိုအလျောက်မဖြစ်လာနိုင်ပါ။ သမ္မာကျမ်းစာက လူကိုမိမိပုံသဏ္ဍာန်အတိုင်းဖန်ဆင်းတော်မူကြောင်း ဖော်ပြပါသည်။

## ၂။ ဖန်ဆင်းပြုလုပ်သောအရာတိုင်းသည်ပြုလုပ်သူရှိသည်

ဘုရားသခင်ဖန်ဆင်းသောသက်သေသာဓကတို့သည် လူ၏ကိုယ်ခန္ဓာသာမကပါ။ ကောင်းကင်အနန္တကျယ်ပြန့်ပါသည်။ မြို့ကြီးများတို့၏အလင်းကိုစွန့်ခွာ၍ ညဥ့်နက်ကောင်းကင်ကိုကြည့်ပါ။ တိမ်ဖြူရောင်တစ်ဖက်ကြယ်များ၏အထက်စကြဝဠာကြီးတွင် ကျွန်တော်တို့၏ကမ္ဘာပမာ နေပေါင်းသန်းပေါင်းများစွာတို့သည် ကမ္ဘာပေါင်းများစွာတို့ကို ထွန်းလင်းပေးနေကြောင်းသိရှိနားလည်ရပါသည်။ အလားတူစကြဝဠာရှိကြောင်းကိုလည်း အလွန်ကြီးမားလှသောမှန်ဘီလူးကြီးများဖြင့်တွေ့မြင်ရပါသည်။

ထို့ကြောင့် ဆာလံဆရာကြီး၏ဆုံးဖြတ်ချက်မှာ ကြယ်များတို့သည်ဘုန်းတန်ခိုးကြီးသောဖန်ဆင်းရှင်ကိုပြသကြောင်းပြောကြားခဲ့ပါသည်။ “မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကိုကြားပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်ဆောင်သောအရာများကိုပြသ၏။” (ဆာလံ ၁၉:၁–၃)။

ဤကျယ်ပြန့်များပြားသောစကြဝဠာများကိုကြည့်ခြင်းဖြင့် အကြောင်းပြချက်လုံလောက်စွာဖြင့် ဖန်ဆင်းရှင်ရှိကြောင်းစိတ်ချယုံကြည်နိုင်ပါသည်။ “အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏” (ကမ္ဘာဦး ၁:၁)။ “သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။” (ကောလောသဲ ၁:၁၇)။

ဖန်ဆင်းသမျှသောအရာတို့သည် ထာဝရဘုရားသခင်ကိုပြသ၍ ပုံဆွဲပုဂ္ဂိုလ်ကြီးသည် ဖန်ဆင်းရှင်ဖြစ်ကြောင်း သက်သေထူသည်။ ရှင်းလင်းသောနှုတ်ထွက်စကားတော်အရ အစအဦး၌ ဘုရားသခင်သည် နက်နဲသောအသက်တာ အကြောင်းဖော်ပြသည်။ ဘုရားသခင်သည် ခပ်သိမ်းသောအရာကိုဖန်ဆင်းတော်မူကြောင်းသိရသည်။

ယနေ့ခေတ်သစ်ထဲတွင် ရူပဗေဒပညာနိုဘယ်ဆုရှင်ဆရာကြီးဒေါက်တာအာသာကွန်တွန်သည် အထက်ပါ ကျမ်းချက်ကိုအကြောင်းပြု၍ ဝေဖန်ခဲ့သည်မှာ ကျွန်ုပ်အနေနှင့်ယုံကြည်ခြင်းဖြင့် ထာဝရဘုရားသခင်သည် စကြဝဠာ နှင့်လူကိုဖန်ဆင်းတော်မူကြောင်းနားလည်ခဲ့သည်။ ကျွန်တော့်အနေဖြင့် နားလည်ရန်မခက်ခဲပါ။ အကြောင်းမှာ အကြံအစည်တော်သည် ထာဝရပညာရှင်ဖြစ်၏။ စည်းစနစ်ဖြင့်သွားလာတည်နေသောစကြဝဠာကြီးကမှန်ကန်ကြောင်း၊ ထောက်ခံဖော်ထုတ်ခဲ့ကြောင်း၊ ကျမ်းစာအားဖြင့် "အစအဦး၌ထာဝရဘုရားသခင်သည်" ဟုဖော်ပြထားပါသည်။

သမ္မာကျမ်းစာသည် ထာဝရဘုရားသခင်ကို ဘုရားသခင်ဖြစ်ကြောင်းအထောက်အထားအကိုးအကားမပြပါ။ ဘုရားသခင်ရှိကြောင်းသာကြေညာသည်။ သတ္တဗေဒဆရာကြီးဒေါက်တာကွန်ကလင်းသည် အသက်နှင့်ပတ်သက် သောဖြစ်ရပ်ပေါ်လာခြင်းသည် မတော်တဆကြောင့်မှန်လျှင် အကြမ်းဖျင်းနှိုင်းယှဉ်ရလျှင် အဘိဓာန်ကျမ်းသည် မတော်တဆပုံနှိပ်စက်ထဲ၌ပေါက်ကွဲမှုကြောင့်ဖြစ်ပေါ်လာသည်ဟုပြောဆိုနိုင်သည်။

လူသားများအနေဖြင့် မရှိမဖြစ်သောနေရာမှရှိလာဖို့၊ ဖြစ်လာဖို့၊ မပြုလုပ်နိုင်ပါ။ ကျွန်ုပ်တို့သည်ဆောက်လုပ် နိုင်သည်။ ရှာဖွေတီထွင်နိုင်သော်လည်း မရှိသောအရာမှဖားကလေးတစ်ကောင်ဖြစ်လာဖို့မဆန်းကြယ်သောပန်းကလေး တစ်ပွင့်ဖြစ်လာဖို့မပြုလုပ်နိုင်ပါ။ ထိုအရာများတို့သည် အသံကျယ်ဟစ်ခါထာဝရဘုရားသခင်ပုံစံထွင်ကာဖန်ဆင်း ကြောင်း၊ ထိန်းသိမ်းကြောင်းပြောသည်။ စကြဝဠာကမ္ဘာနှင့်လူသားများယုံနိုင်လောက်သောဇစ်မြစ်မှာ ထာဝရဘုရား သခင်မှသာဖြစ်ကြောင်းသိရသည်။

## ၃။ ဘုရားသခင်သည်လူနှင့်အတူပေါင်းသင်းဆက်ဆံကြောင်း

ကြယ်များဖြင့်ပြည့်သောကောင်းကင်ကိုရေးဆွဲသောစကြဝဠာကြီးကိုဖန်ဆင်းသောဘုရားသခင်သည် လူသား များကိုရှာဖွေကာ ဆက်ဆံပေါင်းသင်းပါသည်။ ထာဝရဘုရားသခင်သည် မောရှေနှင့်ရင်းနှီးစွာပေါင်းသင်းပါသည်။ "ထာဝရဘုရားသခင်သည် အဆွေခင်ပွန်းနှုတ်ဆက်တတ်သည်နည်းတူ၊ မောရှေနှင့်မျက်နှာချင်းဆိုင်၍ နှုတ်ဆက် တော်မူ၏" (ထွက် ၃၃း၁၁)။

ထိုနည်းတူထာဝရဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ခင်မင်ရင်းနှီးစွာမိတ်ဆွေကဲ့သို့ပေါင်းသင်းဆက်ဆံလိုသော ဆန္ဒရှိ၏။ ယေရှုနောက်သို့လိုက်လိုသောသူများအား ကတိပေးထားသည်မှာ "သင်တို့သည် ငါ့ပညတ်ရှိသမျှကို ကျင့်စောင့်လျှင် ငါ၏အဆွေဖြစ်ကြ၏" (ယောဟန် ၁၅း၁၄)။ လူသတ္တဝါတို့သည် သာမန်အနေဖြင့် ဘာသာ ရေးတွင်စိတ်အားထက်သန်သောကြောင့် ထာဝရဘုရားသခင်၏အဖြစ်တော်ကိုလေ့လာဆွေးနွေးခဲ့ပါသည်။ တိရစ္ဆာန် များတို့သည် ဘယ်သောအခါကမျှဘုရားသခင်ကိုဝတ်ပြုရန် ပလ္လင်တော်ကိုမတည်ဆောက်ခဲ့ချေ။ သို့ရာတွင် လူသားများမူကား မိမိယုံကြည်ရာ၊ ကိုင်းရှိုင်းရာဘုရားသခင်ကိုကိုးကွယ်ကြပါသည်။ လူသတ္တဝါတို့၏စိတ်အတွင်း တွင်ဘုရားသခင်ကိုရှိခိုးကိုးကွယ်ရန် သဘာဝဆန္ဒရှိပါသည်။ ထာဝရဘုရားသခင်ကိုမိတ်ဆွေအနေဖြင့်မိတ်ဖွဲ့ရန်ဆန္ဒ ရှိပါသည်။ ထိုဆန္ဒကိုယုံကြည်လက်ခံကာကျင့်သုံးလာပါက ထာဝရဘုရားသခင်ရှိကြောင်းသက်သေမကင်းမရှိဘဲ မိမိ၏အသက်တာတွင် ထာဝရဘုရားသခင်ကိုလိုအပ်လာကြောင်းလက်ခံလာပေမည်။

၁၉၉၀ ပြည့်နှစ်တွင် ရှရှားပြည်ရှိသန်းပေါင်းများစွာသောဘာသာရေးမယုံကြည်သူများ ထာဝရဘုရားသခင်ကိုလက်ခံလာပါသည်။ စိန့်ပီတာစဘတ်၊ မဟာသိပ္ပံကျောင်းရှိကထိကတစ်ဦး၏သက်သေခံချက်သည် ဘုရားသခင်ကိုမယုံကြည်သူများ၏သက်သေခံချက်နှင့်ထပ်တူထပ်မျှဖြစ်လာလေသည်။ သူ၏မှတ်ချက်မှာ ကျွန်ုပ်၏သိပ္ပံပညာစူးစမ်းရှာဖွေရာ၌ လူ၏အသက်တာအဖြေကိုရှာဖွေသောအခါ ယုံကြည်ကိုးစားနိုင်သောအဖြေမတွေ့ရှိခဲ့ပေ။ ကျွန်ုပ်၏သိပ္ပံပညာဖြစ်သောကြယ်တာရာများအကြောင်းမည်မျှကြီးကျယ်၍ မည်မျှကျယ်ပြန့်ကြောင်းကြည့်ရှုသောအခါ ကျွန်ုပ်၏စိတ်ထဲတွင်တစ်ခုခုလိုနေကြောင်းနှင့် ထုထည်ကျယ်ပြန့်ကြီးမားသောကြယ်တာရာများတွင် အဖြစ်မှန်အဓိပ္ပါယ်ရှိရမည်ဟုယုံကြည်လာသည်။ ထို့နောက် ကျမ်းစာတစ်အုပ်ကိုရ၍ ဖတ်ကြည့်သောအခါ ကျမ်းစာတွင်ရေးသားဖော်ပြထားသောအချက်အလက်များတို့သည် လိုလျက်ရှိသောကျွန်ုပ်စိတ်တွင်ဖြည့်စွက်ပေးခဲ့ပါသည်။ ခရစ်တော်ကိုကျွန်ုပ်လက်ခံ၍ စိတ်အတွင်းငြိမ်သက်သာယာမှုရရှိခဲ့ပါသည်။

ခရစ်ယာန်တို့သည် ဘုရားသခင်ကိုယုံကြည်ရသောအကြောင်းရင်းမှာ လူ၏စိတ်ဆန္ဒကိုဖြည့်စွက်ပေးနိုင်သောကြောင့်ဖြစ်၏။ ခရစ်ယာန်များတို့သည် ထာဝရဘုရားသခင်ကိုယုံကြည်လက်ခံလာသောအခါ အမြင်မှန်၊ အသက်တာ၏အဓိပ္ပါယ်အသစ်၊ တွေးတောယူဆမှုအသစ်နှင့်ဝမ်းမြောက်ခြင်းအသစ်ကိုရလာလေသည်။

ထာဝရဘုရားသခင်သည် လူ၏အသက်တာတွင်ပြဿနာများနှင့်ကင်းရှင်းမည်အကြောင်းမဆိုလို၊ အကယ်၍ရင်မဆိုင်ရပါက ကူညီစောင့်မမည်ဖြစ်ကြောင်းနားလည်ရပါသည်။ ခရစ်ယာန်များသည်လည်း အခက်အခဲများနှင့်ရင်ဆိုင်ရသောအခါ ဘဝဟောင်းလမ်းကြောင်းသို့တစ်ဖန်ပြန်မရောက်လိုကြောင်းသက်သေခံကြပါသည်။

ဤကမ္ဘာကိုပြုပြင်ဖန်တီးထိန်းသိမ်းတော်မူသောထာဝရဘုရားသခင်သည် ဖန်ဆင်းခြင်းခံရသောလူသားများအားလုံးနှင့်ခင်မင်ရင်းနှီးစွာဆက်ဆံပေါင်းသင်းလိုကြောင်းသိရပါသည်။ ထို့ကြောင့် ဆာလံဆရာဒါဝိဒ်မင်းကြီးက “လက်ညှိုးတော်အလုပ်တည်းဟူသောကိုယ်တော်၏မိုးကောင်းကင်ကိုလည်းကောင်း၊ ပြင်ဆင်တော်မူသောလနှင့်ကြယ်များတို့ကိုလည်းကောင်း ကျွန်ုပ်ဆင်ခြင်သော်၊ လူသည်အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည်အောက်မေ့တော်မူရပါသနည်း။” (ဆာလံ ၈း၃၊ ၄)။

ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ထာဝရဘုရားသခင်သည်လူသားအားလုံးတို့အားသိရှိနားလည်၍ ကူညီစောင့်ရှောက်ကြောင်းသိရသည်။ အကြောင်းမှာ သူကိုယ်တိုင်ဖန်ဆင်းတော်မူသောကြောင့်ဖြစ်သည်။ ထာဝရဘုရားသခင်ကိုကျွန်ုပ်တို့ယုံကြည်နိုင်ကြောင်းမှာ–

(က) ထူးဆန်းစွာတီထွင်ဖန်ဆင်းနိုင်သောကြောင့်ဖြစ်သည်။

(ခ) ကျွန်ုပ်တို့စိတ်သည်ငြိမ်သက်သာယာမှုရရှိရန် ဘုရားသခင်ရှိမှသာဖြစ်သောကြောင့်။

(ဂ) ကျွန်ုပ်တို့ထာဝရဘုရားသခင်ကိုရှာဖွေတွေ့ရှိသောအခါ ထာဝရဘုရားသခင်ကလူ၌လိုလျက်ရှိသောအရာများကိုဖြည့်စွက်ပေးနိုင်သောကြောင့်ဖြစ်သည်။

## ၄။ ထာဝရဘုရားသခင်သည်မည်ကဲ့သို့သောဘုရားသခင်ဖြစ်သနည်း

ဖခင်သည် မိမိသားသမီးတို့အား အဖေဖြစ်ကြောင်းသွန်သင်ပြသသကဲ့သို့ ထာဝရဘုရားသခင်သည်လည်း မိမိဖန်ဆင်းထားသောလူသတ္တဝါတို့အား ဘုရားသခင်ဖြစ်ကြောင်း သမ္မာကျမ်းစာအားဖြင့်ဖော်ပြထားပါသည်။ သမ္မာကျမ်းစာတွင် မိမိကိုယ်ကိုတိကျသေချာစွာဖော်ပြထားပါသည်။

ထာဝရဘုရားသခင်သည် လူယောကျာ်း၊ လူမိန်းမကိုဖန်ဆင်းသောအခါ မည်သည့်ပုံသဏ္ဍာန်ဖြင့်ဖန်ဆင်းပါသနည်း။ “ဘုရားသခင်သည် မိမိပုံသဏ္ဍာန်တော်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏” (ကမ္ဘာဦး ၁:၂၇)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဍာန်ဖြင့်ဖန်ဆင်းသောကြောင့် ကျွန်တော်တို့၏ခံစားမှုတုံ့ပြန်နိုင်သောစွမ်းအားသော်လည်းကောင်း၊ သတိရဖို့နှင့် မျှော်လင့်ဖို့ရန်သော်လည်းကောင်း၊ ဆင်ခြေဖို့နှင့် သီးခြားစိစစ်ဖို့ရန်သော်လည်းကောင်း ထာဝရဘုရားသခင်ထံတော်မှရရှိပါသည်။ ထာဝရဘုရားသခင်၏ထူးခြားသောကိုယ်ကျင့်တရားသည် မည်သည့်အရာဖြစ်ပါသနည်း။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ (၁ယော ၄:၈)။ ထာဝရဘုရားသခင်သည် မေတ္တာရှေ့ထားကာ လူတို့နှင့်ပေါင်းသင်းဆက်ဆံတော်မူ၏။

## ၅။ ခရစ်တော်ဘုရားသခင်သည် ထာဝရဘုရားသခင်ကိုမည်ကဲ့သို့ဖေါ်ပြထားပါသနည်း

သမ္မာကျမ်းစာတော်မြတ်တွင် ထာဝရဘုရားသခင်သည် မိမိကိုယ်ကိုထပ်ခါတလဲလဲအဘဟုခေါ်ဆိုထားပါသည်။ “ခပ်သိမ်းသောငါတို့၌တစ်ပါးတည်းသောအဘရှိသည်မဟုတ်လော။” (မာလခိ ၂:၁၀)။

ယခုခေတ်အဘတို့အပေါ်အမြင်များမှာ နှစ်သက်ဖွယ်ဖြစ်ပါ၏။ ပေါ့ပေါ့တန်တန်ဖခင်၊ ဆူဆူပူပူလုပ်တတ်သောဖခင်၊ ထာဝရဘုရားသခင်သည်ထိုကဲ့သို့မဟုတ်ပါ။ ထာဝရဘုရားသခင်သည် တယုတယတရင်းတနှီးရှိ၏။ ဖခင်ကောင်းများကဲ့သို့ သားသမီးများနှင့်ကစားတတ်၏။ အိပ်ခါနီးပုံပြောပေးတတ်၏။

မေတ္တာဖြင့်ပြည့်ဝသောထာဝရဘုရားသခင်သည် မိမိအကြောင်းကိုကျမ်းစာအားဖြင့်သာမကဘဲ သားတော်ခရစ်တော်ဘုရားသခင်အားစေလွှတ်ကာ မိမိကိုပိုမိုထင်ရှားစေသည်။ “ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်၏” (ကောလောသဲ ၁:၁၅)။ ထို့ကြောင့် ခရစ်တော်ကိုမြင်သောသူသည် ထာဝရဘုရားသခင်ကိုလည်းမြင်၏။ ခရစ်တော်ဘုရားသခင်သည် လူ၏ဘဝကိုခံယူကာ လူအဆင့်သို့ဆင်း၍ လူတို့အားမည်ကဲ့သို့အသက်ရှင်ရမည်အကြောင်း၊ မည်ကဲ့သို့ဝမ်းမြောက်ရမည်အကြောင်း ထာဝရဘုရားသခင်ကိုယ်တိုင်မိန့်မှာခဲ့သည်မှာ “ငါ့ကိုမြင်ဖူးသောသူသည် ခမည်းတော်ကိုမြင်၏” (ယောဟန် ၁၄:၉)။ ခရစ်တော်ဘုရားသခင်အကြောင်းနှင့် ဓမ္မသစ်ကျမ်းလေးစောင်တွင် ခရစ်တော်ဘုရားသခင်အကြောင်းရေးသားဖေါ်ပြထားသော်လည်း အဖဘုရားသခင်၏ရုပ်သဏ္ဍာန်နှင့်ထာဝရအဖြစ်တော်တည်းဟူသော ဘုရားသခင်၏အရာတို့သည် ခရစ်တော်အားဖြင့်ပြသခဲ့၏။ တံငါသည်တို့သည်ပိုက်ကိုစွန့်၍ ခရစ်တော်နောက်လိုက်ကြ၏။ ကလေးငယ်တို့သည်ကောင်းချီးခံအံ့သောငှါလာကြ၏။ အဆိုးဆုံးအပြစ်သားကိုနှစ်သိမ့်နိုင်ခဲ့သလို အယောင်ဆောင်ကြက်သူခိုးများတို့အား သိမ်မွေ့စွာမိမိအခြေအနေကိုဖေါ်ပြခဲ့သည်။ မျက်စိမမြင်သူမှအစ နူနာစွဲသူများအထိကုသပြုစုခဲ့သည်။ ခရစ်တော်၏ကျင့်စဉ်တိုင်း၌ အဘ၏မေတ္တာကိုပြသည်။ ခရစ်တော်သည်လက်ဝါးကပ်တိုင်တော်၌ အဖဘုရားသခင်၏အကြောင်းကိုနောက်ဆုံးအနေဖြင့်ပြသခဲ့ပါသည်။ (ယောဟန် ၃:၁၆)။

ခရစ်တော်ဘုရားသခင်သက်တော်စွန့်ခြင်းသည် ယခုခရစ်ယာန်များပျော်ရွှင်သောအသက်တာကိုရစေခြင်းသာမကဘဲ ထာဝရအသက်ရရန်ပါရှိပါသည်။ မြောက်မြားစွာသောလူတို့သည် နှစ်ပေါင်းများစွာကပင် အဖဘုရားသခင်အကြောင်းစဉ်းစားမျှော်မှန်းအိပ်မက်ခဲ့ပါသည်။ ကောင်းကင်ပေါ်တွင် ဘုရားသခင်လက်ရာကိုကြည့်ရှုခဲ့သည်။

ခရစ်တော်ပြခဲ့သောဘုရားသခင်ကို (အဖဘုရားသခင်) သင်ရှာဖွေတွေ့ခဲ့ပြီ။ ထို့ကြောင့် အဖဘုရားသခင်ကိုယ်တော်ကိုကျွန်ုပ်ချစ်ပါ၏ ဟုပြောနိုင်ပြီလား။

–ဝ–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁) အဖြေလွှာ
## ကျွန်ုပ်တို့သည်ထာဝရဘုရားသခင်၌ယုံကြည်စိတ်ချနိုင်သည်

အောက်ပါမေးခွန်းများကိုဖြေဆိုရန်။ အဖြေများလမ်းညွှန် (၁) တွင်ဖတ်ပါ၊ ရှာပါ၊ မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ (က) -----လူ၏ကိုယ်ကာယပုံသဏ္ဍာန်အချိုးသည် ဖန်ဆင်းရှင်၏လက်ရာသက်သေဖြစ်၏။
-----လူ၏ကိုယ်ကာယပုံသဏ္ဍာန်အချိုးဖြစ်လာနိုင်ရန် ပြောင်းလဲမှုအချိန်နှစ်သန်းပေါင်းများစွာလိုသည်။
-----လူ၏ကိုယ်ကာယပုံသဏ္ဍာန်အချိုးသည် ပညာရှင်၏လက်ရာကိုပြသည်။

မှား(မှား) မှန်(မှန်) ဖြင့်ပြပါ။

| | |
|---|---|
| ၂။ (က) ကောင်းကင်ကြယ်တာရာများမှာ ဘုရားသခင်၏လက်ရာများဖြစ်သည်။ | ( ) |
| (ခ) စကြဝဠာသည် မတော်တဆပေါက်ကွဲမှုကြောင့်ဖြစ်ပေါ်လာသည်။ | ( ) |
| (ဂ) ဘုရားသခင်သည်ပုံဆွဲ၍ ဖန်ဆင်းသောသခင်ဖြစ်သည်။ | ( ) |
| (ဃ) များစွာသောသိပ္ပံပညာရှင်တို့သည် ဘုရားသခင်ကိုယုံကြည်ကြသည်။ | ( ) |
| ၃။ ထာဝရဘုရားသခင်သည် လူနှင့်လာရောက်ပေါင်းသင်းဆက်ဆံသည်။ | ( ) |
| ၄။ (က) ထာဝရဘုရားသခင်သည် လူကိုမိမိပုံသဏ္ဍာန်နှင့်တညီတစ်သဏ္ဍာန်တည်းဖန်ဆင်းသည်။ | ( ) |
| (ခ) ထာဝရဘုရားသခင်၏အမွန်မြတ်ဆုံးသောအင်္ဂါရပ်သည်မေတ္တာဖြစ်သည်။ | ( ) |
| ၅။ (က) ထာဝရဘုရားသခင်သည် ပြုစုယုယတတ်သောဖခင်ဖြစ်သည်။ | ( ) |
| (ခ) ထာဝရဘုရားသခင်သည် လူ့လောကသို့ပုဂ္ဂိုလ်အနေဖြင့်လာသည်။ | ( ) |
| (ဂ) ခရစ်တော်သည်လူသားဖြစ်သည်။ ဘုရားသခင်မဟုတ်။ | ( ) |
| (ဃ) ခရစ်တော်သည် ဘုရားသခင်၏ရုပ်လုံးကိုဖော်ပြသည်။ | ( ) |
| (င) ခရစ်တော်အသေခံခြင်းသည် လူကိုကယ်တင်ခြင်းပေးရန်ဖြစ်သည်။ | ( ) |

**စဉ်းစားရန်မေးခွန်း**

ရှာဖွေတွေ့ရှိခြင်းလမ်းညွှန်သည် သင့်အားထာဝရဘုရားသခင်ကိုနားလည်ယုံကြည်စေပါသလား။

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်------------------------------**

**လမ်းနှင့်အိမ်အမှတ်----------------------**

**မြို့---------------------------------**

**နယ်--------------------------------**

**ကိုးကွယ်သည့်ဘာသာ--------------------**

စိတ္တသုခရှာဖွေခြင်း (၁)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၃၆၂/၂၀၀၃ (၆)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)